
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 6 , 2025 Volume 86 , Number 3

| ၆ .၁.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၃.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၄၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၀.၃၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၂.၁၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်နှစ်သစ်ကူးမတိုင်မီ နှမ်းနက်ဝယ်လိုအားကောင်း ဈေးကောင်းရနေ




တရုတ်နှစ်သစ်ကူးမတိုင်မီ နှမ်းနက်ဝယ်လိုအားကောင်း ဈေးကောင်းရနေသော်လည်း အခြားပို့ကုန်ပဲများ ဈေးကျဆင်းနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းအစတွင် နှမ်းနက် (ထိပ်စ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး ဆက်လက်မြင့်တက်နိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

တရုတ်နှစ်သစ်ကူးမတိုင်မီတရုတ်လိုင်းအဝယ်များသည့် ပဲတီစိမ်း၊နှမ်းနက်၊မြေပဲဆန်များသာ ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ရှိနေပြီး အခြားပဲမာလိုင်းများနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စုမှာဈေးပြောင်းလဲမှုမရှိ၊ဈေးငြိမ်နေကြောင်း၊ နှမ်းနက်ထိပ်စတစ်မျိုးသာ ဈေးကောင်းရနေသော်လည်းအခြားနှမ်းများ ဈေးအနည်းငယ်ကျဆင်းနေကြောင်းနှစ်ကုန်ပိုင်းဖြစ်သောကြောင့် အရောင်းအဝယ်အနည်းငယ်အေးနေသော်လည်းမကြာမီ ပဲသစ်များဝင်ရောက်လာချိန်တွင် လှောင်လက်သမားများနှင့် ပို့ကုန်သမားများ၏ ဝယ်ယူမှုများပြန်လည်ကောင်းလာနိုင်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

“ တရုတ်နှစ်သစ်ကူးမတိုင်မီ တရုတ်လိုင်းအဝယ်များသည့် ပဲတီစိမ်း၊ နှမ်းနက်၊ မြေပဲဆန်အဝယ်များပုံမှန်ရှိနေပါတယ်။ နှမ်းနက်ကတော့ အရည်အသွေးအလိုက် ဈေးကောင်းရနေတော့ အက်ဆစ်လွတ်နှမ်းနက်တစ်အိတ်လျှင် ငွေကျပ် ၇၀၀,၀၀၀ထိ ပေါက်ဈေးရှိနေပါတယ်။ပဲရာသီသစ်က အနည်းငယ်လိုသေးတော့ ပဲသစ်များဝင်ရောက်မှုမရှိသေးဘဲ လက်ကျန်ပဲများကိုသာ ပုံမှန်အရောင်းအဝယ်ရှိနေတာမျိုးပါ။ နှစ်ကုန်ပိုင်းဖြစ်လို့ ပဲနှမ်းဈေးကွက်မှာပွဲစားကုန်သည်အစုံအလင်လာရောက်မှုမရှိသေးပါဘူး။ ပြည်တွင်းမြေပဲဆန်ကတော့ ပုံမှန်လေးအဝယ်ရှိနေပါတယ်။ ပဲ ၊ နှမ်းဈေးကွက်အတွင်းပစ္စည်းစုံ ဝင်ရောက်လာချိန်မှသာ အရောင်းအဝယ်ပြန်လည်ကောင်းလာမှာပါ” ဟု ၎င်းက ပြောသည်။

ဇန်နဝါရီ ၂ ရက်တွင် ပို့ကုန်မတ်ပဲအသစ်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင် ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ငွေကျပ် ၃၁၀,၀၀၀ ခန့် နယ်ဈေး ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာဈေးငြိမ်နေရာ ဇန်နဝါရီ ၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၃,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၁,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အနည်းငယ်ဈေးမြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀ -၈၇၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ်ပြန်သွက်လာရာ ဇန်နဝါရီ ၂ ရက် တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၇၅,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၇၀၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ် ) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပို့ကုန်၊ သွင်းကုန်အပေါ် အခွန်ကောက်ခံမှု မူဝါဒအပြောင်းအလဲကြောင့် ပြောင်းဈေး အနည်းငယ်ကျဆင်းလာ



ပို့ကုန်၊ သွင်းကုန်အပေါ် အခွန်ကောက်ခံမှုမူဝါဒကြောင့် ဒီဇင်ဘာလကုန်ပိုင်းမှစတင်ကာ ပြည်တွင်းပြောင်းဈေးကျဆင်းလာကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ယခင်က ပို့ကုန်ပြောင်းအပေါ် တစ်တန်လျှင် ငွေကျပ် ၃၀,၀၀၀ ကျော်သာ ပေးဆောင်ရပြီး ယခုမူဝါဒအပြောင်းအလဲကြောင့် ငွေကျပ် ၅၀,၀၀၀ ကျော်ပေးဆောင်ရကြောင်း၊ ယခင်က တစ်ဒေါ်လာလျှင် ငွေဈေး ငွေကျပ် ၂၁၀၀ ကျော်ပေါ်မှာတွက်ချက်ပြီး ယခုအခါတစ်ဒေါ်လာလျှင် ငွေဈေး ငွေကျပ် ၃၅၈၀ပေါ်မှာ တွက်ချက်ကောက်ခံတာဖြစ်သောကြောင့် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅ ခန့် ဈေးကျဆင်းသွားမည်။

ပို့ကုန်ပြောင်းကုန်သည်များအနေဖြင့် FOB ဈေးအတိုင်းတွက်ချက်ပြီးအရင်းအတိုင်းပြန်လည်ရောင်းချလျှင်တောင်မှ တိုးမြင့်လာသည့် အခွန်ငွေ ၃၅ ကျပ်ခန့်ကို တောင်သူထံမှ လျှော့ချဝယ်ယူရမည့်အခြေအနေဖြစ်သည်။

လက်ရှိမှာ သွင်းကုန်အပေါ်မှာလည်းတိုးမြင့်ကောက်ခံတာဖြစ်သောကြောင့်သွင်းကုန်ပြန်လည်သွင်းသူများလည်း တင်သွင်းမည့်ကုန်များမှာ ဈေးမြင့်တက်လာမည်ဖြစ်ကြောင်း အခွန်ကောက်ခံမှုမူဝါဒအပြောင်းအလဲကြောင့် သက်ရောက်မှုရှိလာကြောင်းကို ပြောင်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

" အရင်ကပို့ကုန်တွေအပေါ်မှာအခွန်ကောက်ခံတာကဒေါ်လာဈေး ၂၁၀၀ ပေါ်မှာတွက်ချက်ကောက်ခံတာဖြစ်ပါတယ်။ အခုမူဝါဒက ဒေါ်လာဈေး ၃၅၈၀ အပေါ်မှာ တွက်ချက်ကောက်ခံတာဖြစ်တော့ သွင်းကုန်သမားအပေါ်မှာ သက်ရောက်မှုရှိလို့ ပို့ကုန်ဆိုရင် အရင်ထက်ဈေးလျော့မယ်။သွင်းကုန်ဆိုရင် အရင်ထက်ဈေးမြင့်လာမဲ့သဘောဖြစ်ပါတယ်။ပြောင်းအနေနဲ့ အရင်က တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့် ပေါက်ဈေးရရှိတာကနေ ယခုဆိုလျှင်ငွေကျပ် ၁၆၅၀ ခန့်သာရှိနိုင်တော့မယ်။သွင်းကုန်ပစ္စည်းတွေလည်း အချိုးကျဈေးမြင့်လာမဲ့သဘောပါ´´ ဟု ၎င်းက ပြောသည်။

ပြောင်းကုန်သည်များအနေဖြင့်ယခင်ကပြောင်းတစ်တန်လျှင် FOB ဈေးရရှိမှုကိုအခွန်နုတ်ပြီးကျန်ရှိသည့်အရင်းဈေးအတွင်း ပြည်တွင်းပြောင်းများကိုဝယ်ယူကာ ပို့ကုန်ဒေါ်လာရရှိအောင်တင်ပို့ပြီး သွင်းကုန်မှပြန်လည်ရရှိသည့် အကျိုးအမြတ်ကိုသာယူပြီး ပြောင်းကိုအမြင့်ဆုံးဈေးထိပေးဝယ်တင်ပို့မှုများကြောင့်ရန်ကုန်အရောက်ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့်ထိ ဈေးမြင့်

တက်ရရှိလာခြင်းဖြစ်သည်။

သို့ဖြစ်၍ ဒီဇင်ဘာလကုန်ပိုင်းတွင် ရန်ကုန်အရောက် ဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၊ တောင်ကြီးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၊ မန္တလေးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ အသီးသီးပေါက်ဈေးရှိနေသည်။

လက်ရှိပြောင်း FOB ပေါက်ဈေးနှင့်အခွန်တိုးမြင့်သည့်အပေါ်ပေးဆောင်ရမည့်အခွန်နှင့် ဈေးမြင့်ပေးဝယ်ထားသည့်ပြောင်းဈေးမှာ ပို့ကုန်သမားများအတွက် အရှုံးပေါ်နေကြောင်း ပို့ကုန်သမားများထံက သိရသည်။

**Source : မကွေးဂျာနယ်**

## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင်ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ဧက ၉၃၃၀ လျာထားစိုက်ပျိုးရာ လက်ရှိစိုက်ပျိုးနိုင်မှု ၁၀၄၆ ဧက စိုက်ပျိုးနိုင်ကြောင်း ၊ ယခုအခါ နေကြာသီးနှံစိုက်ခင်းများမှ ရိတ်သိမ်းချွေလှေ့ချိန်ရောက်ပြီဖြစ်သဖြင့် စက်တင်ဘာလပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာလက်ရှိရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၍ တစ်ဧကလျှင် ၁၉ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။


နေကြာသီးနှံက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့်ပြီးခဲ့တဲ့နှစ်ထက်သီးနှံအထွက်နှုန်းကကောင်းပါတယ်။ နေကြာသီးနှံရိတ်သိမ်းချွေလှေ့ခြင်းနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေလျော့နည်းမှုမဖြစ်အောင် တောင်သူတွေကိုအချိန်မီရိတ်သိမ်းချွေလှေ့ကြဖို့သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျသိမ်းဆည်းကြဖို့ တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီးဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည်စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့် နေကြာသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီနှင့်ဆောင်းရာသီတွင် အားထား စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## မုံရွာမြို့နယ်ရှိ ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ငှက်ပျောတိုးချဲ့စိုက်ပျိုးလာကြပြီး မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ဒေသတွင်းဖီးကြမ်းငှက်ပျောရိုးရိုးနှင့် ဖီးကြမ်းကျောက်စိမ်း စသည့် မျိုး ၂ မျိုးကိုသာအများဆုံး စိုက်ပျိုးကြပြီး ငှက်ပျောသားပေါက်များကို တစ်ပင်လျှင် ၄၅၀ ကျပ်နှုန်းဖြင့် ကနီမြို့နယ်မှ ဝယ်ယူစိုက်ပျိုးကြောင်း၊

စိုက်ပျိုးပုံမှာ တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့်စိုက်ပျိုးကြောင်း၊ မစိုက်မီ ထယ်နှစ်စပ်ထိုး၍ တစ်ပင်နှင့်တစ်ပင်အကြား ၉ ပေ ခန့်အကွာအဝေးဖြင့် ရေသွင်းစိုက်ပျိုးကြောင်း၊ စိုက်ပင် ၁၅ ရက်သားတွင် အရွက်မထွက်သည့်အပင်များကို ထိပ်ဖွင့်ပြီး ၂၀ ရက်သားတွင် အပင်မပေါက်သည်များကို ဖာထေး၍ ၃၅ ရက်သားတွင် ရိုလာစက်ဖြင့် ပေါင်းသတ်ပေးပြီး ၄၅ ရက်သားတွင် ထယ်တစ်စပ်ထိုးကာ ရေသွင်းပေးရကြောင်း၊ ငှက်ပျောစိုက်ပင် ၁၀လသားအထိ တစ်လလျှင် တစ်ကြိမ်ထယ်တစ်စပ်ထိုး၊ ရေတစ်ကြိမ်သွင်းပြီးသားပင်များကို တံစဉ်ဖြင့်ထိပ်ဖြတ်ပေးရကြောင်း၊ငှက်ပျောပင် ၁၃ လသားအရွယ်တွင် ၎င်းအပင်အားလုံးမှာ အခိုင်ထွက်ပြီးတစ်ပင်လျှင် တစ်ခိုင်၊တစ်ခိုင်လျှင် ၁၀ ဖီးခန့်ပါရှိပြီး ရောင်းတန်းဝင်သည့် ငှက်ပျောဖီး ၅ ဖီးရယူကြောင်း၊ မြေဆီမြေသားကောင်းမွန်မှုနှင့်ရေရရှိမှုအပေါ်မူတည်၍ ၅ နှစ်မှ ၇ နှစ်ခန့်အထိ ရောင်းတန်းဝင်ငှက်ပျောခိုင်များထွက်ရှိကြောင်း၊ ထွက်ရှိသောငှက်ပျောများကို မြို့ပေါ်ရှိကုန်သည်များက ခြံအရောက်တစ်ဖီးလျှင် ၂၀၀၀ - ၂၅၀၀ ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူကြပြီး မြို့တွင်း လက်လီဈေးများတွင် ပြန်လည်ရောင်းချမှုများရှိသောကြောင့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိပြီး တွက်ခြေကိုက်ကာအဆင်ပြေနေကြကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ကရင်ပြည်နယ်ဒေသထွက် ပိန်းဥဈေးနှုန်းအခြေအနေ



ကရင်ပြည်နယ်ဒေသထွက် ပိန်းဥကို ဘားအံမြို့အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဘားအံမြို့ပေါ်ဈေးများသို့ လာရောက်ရောင်းချကြပါသည်။

ဒေသခံတောင်သူများသည် ပိန်းဥကို အပိုဝင်ငွေရရှိရန်အတွက် မိမိတို့၏ အိမ်ခြံဝန်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပိန်းဥကို ငါးမီးကင်၊ ပုစွန်ခြောက်၊ဒန့်သလွန်ရွက်တို့ဖြင့် ဟင်းချိုချက်၍လည်းကောင်း၊ငါးခြောက်ဖြင့်အချဉ်ဟင်းရည်အဖြစ်လည်းကောင်း၊အမဲသား၊ဝက်သားနှင့်လည်းဟင်းအဖြစ် လည်းကောင်း ပြုတ်၍ ဆီဆားဖြင့်လည်းတို့စားပါက ထမင်းမြိန်စေသည်။

ပိန်းဥထဲတွင် ပရိုတင်းဓာတ်၊ သံဓာတ်၊ ကြေးဓာတ်တို့ ပြည့်ဝစွာပါဝင်သည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာဒုတိယပတ်၏ ပိန်းဥဈေးနှုန်းမှာ အရွယ်အစားအလိုက် ပိန်းဥတစ်ပိဿာလျှင် ၈၀၀၀ ကျပ်နှင့် အသင့်စားပိန်းဥဈေးနှုန်းမှာ တစ်ဆယ်ကျပ်သားလျှင် ၁၀,၀၀၀ကျပ်နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source : DOCA ( ကရင် )**

https://www.doca.gov.mm/

## နတ်တလင်းမြို့နယ်ရှိ ဈေးများတွင်ရောင်းချနေသော ငါး ဈေးနှုန်းများ



ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ မြို့မဈေး၊ အာရုံဈေးနှင့် ညဈေးတို့တွင် ငါးကြင်း ၊ ငါးခူ၊ ငါးရံ့ ၊ ငါးစင်ရိုင်း စသည့် ငါးများကိုရောင်းချလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် ရောင်းချနေသော ငါးဈေးနှုန်းများမှာရန်ကုန်ငါးကြင်းတစ်ပိဿာ ၂၂,၀၀၀ကျပ် ၊ငါးကြင်းဖြူတစ်ပိဿာ ၂၀,၀၀၀ ကျပ် ၊ အင်းမငါးကြင်းတစ်ပိဿာ ၁၅,၀၀၀ကျပ် ၊ ငါးခူတစ်ပိဿာ ၁၈, ၀၀၀ ကျပ် ၊ ငါးရံ့ တစ်ပိဿာ ၁၆,၀၀၀ ကျပ် ၊ ငါးစင်ရိုင်းတစ်ပိဿာ ၈၀၀၀ ကျပ်၊ ငါးမွေထိုး တစ်ပိဿာ ၁၅,၀၀၀ ကျပ် ၊ ငါးကြင်းခြစ်တစ်ပိဿာ ၂၀,၀၀၀ ကျပ် ၊ ငါးဖယ်ခြစ် တစ်ပိဿာ ၂၅,၀၀၀ ကျပ် ၊ ငါးကျည်းတစ်ပိဿာ ၁၈,၀၀၀ကျပ်နှုန်းများဖြင့် ရောင်းချလျက်ရှိပြီး ယခင် နို၀င်ဘာလ တတိယပတ် တွင်ရောင်းချနေသောငါးဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တချို့ငါးဈေးနှုန်းများက ပြောင်းလဲမှုမရှိဘဲ ငါးခူနှင့်ငါးကျည်းဈေးနှုန်းများကတော့ အနည်းငယ်ကျဆင်းကြောင်း သိရသည်။

ယခုအချိန် ရာသီပေါ်ငါးများဖြစ်ကြသော ငါးသလောက် တစ်ပိဿာ ၃၀,၀၀၀ကျပ်နှင့် ငါးပတ်တစ်ပိဿာဈေးနှုန်းမှာ ၁၅,၀၀၀ကျပ်ဖြင့် ရောင်းချနေကြောင်း သိရသည်။

**Source : DOCA ( ပဲခူး )**

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၈ ရာခိုင်နှုန်းအထိ မျှော်မှန်း

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် Pham Minh Chinh သည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP အား ၂၀၂၅ ခုနှစ် တွင် အနည်းဆုံး ၈ ရာခိုင်နှုန်းတိုးရန် ရည်မှန်းထားပြီး ၂၀၂၆ ခုနှစ်တွင် ဂဏန်း၂ လုံး တိုးတက်ရန် သတ်မှတ်ထားကြောင်း သိရသည်။

ဝန်ကြီးချုပ် Pham Minh Chinh က ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ GDP ၇ ရာခိုင်နှုန်း တိုးတက်မှုသည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု၊ နိုင်ငံရေးစနစ်၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးသည် ကဏ္ဍအသီးသီးတွင် သိသိသာသာတိုးတက်မှုရှိပြီး အမေရိကန်ဒေါ်လာ ၄၇၀ ဘီလီယံအထိ ချဉ်းကပ်လာပြီဖြစ်ကြောင်း၊ ထူးခြား သည်မှာ လုပ်သားကုန်ထုတ်စွမ်းအားသည် မျှော်မှန်းချက်ထက် ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စိုက်ပျိုးရေးပို့ကုန်သည် အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)သည် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံအထိရှိပြီး FDI ဆွဲဆောင်မှုအတွက် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၅ နိုင်ငံထဲတွင် ဗီယက်နမ်နိုင်ငံကို ထည့်သွင်းထားကြောင်း ဖော်ပြထားသည်။

သို့သော်လည်း ဝန်ကြီးချုပ် Chinh က အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို အသိအမှတ်ပြုခဲ့ပြီးအထူးသဖြင့် ဥပဒေဘောင်များ၊ အုပ်ချုပ်ရေးဆိုင်ရာစွမ်းဆောင်ရည်နှင့်အုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့်ပတ်သက်သည်တို့ကို ကိုးကားဖော်ပြခဲ့ပါသည်။

၂၀၂၅ ခုနှစ်သည် ၂၀၂၁-၂၀၂၅ စီမံချက်တွင် ဖော်ပြထားသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အောင်မြင်ရန် အဆိုပါပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် အရေးကြီးကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

အစိုးရသည် မူဝါဒတိုးတက်မှုများ၊ အခြေခံအဆောက်အအုံများ ခေတ်မီရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှုနှင့် စိမ်းလန်းသောနည်းပညာများတွင် တိုးတက်မှုများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်။

လုပ်သားအင်အား၏ အရည်အသွေးကိုမြှင့်တင်ရန်နှင့်ဉာဏ်ရည်တုနှင့်ကြီးမားသောဒေတာများကဲ့သို့သော ထွန်းသစ်စ နည်းပညာများကိုအသုံးချကာ ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်နှင့်ကဏ္ဍအသီးသီးတွင်ဆန်းသစ်တီထွင်မှုကို တွန်းအားပေးရန် ဦး တည်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသောနိုင်ငံဖြစ်လာရန်အတွက် ဗီယက်နမ်၏ ရေရှည်မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုကွန်ရက်များသို့ နက်ရှိုင်းစွာပေါင်းစည်းရန် ကြိုးပမ်းမှုများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်နှုန်းမြင့်ရထားလမ်းနှင့် အဝေးပြေးလမ်းများကဲ့သို့သောအခြေခံအဆောက်အအုံစီမံကိန်းများသည် စီးပွားရေးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်း ဖော်ပြထားသည်။

**Source: The Saigon Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ၂၀၂၅ ခုနှစ် ခရီးသွားရာသီစတင်

ဗီယက်နမ်နိုင်ငံသည် အလယ်ပိုင်း Danang၊ Hue၊ Quang Nam နှင့် Quang Binh ပြည်နယ်များတွင် ဇန်နဝါရီ ၁ ရက်က ပထမဆုံးလာရောက်လည်ပတ်သူများအတွက် ကြိုဆိုသည့်အခမ်းအနားဖြင့် ၂၀၂၅ ခုနှစ် ခရီးသွားရာသီစတင်ခဲ့ကြောင်း The Saigon Times အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ဒါနန်းမြို့သို့ ခရီးသွားဧည့်သည် ၃၀၀၀ နီးပါးလေကြောင်းနှင့်ရေကြောင်းတို့ဖြင့်ရောက်ရှိလာကြောင်း၊ ဒါနန်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများပူးပေါင်း၍ မြို့တော်၏ခရီးသွားလုပ်ငန်းဦးစီးဌာနသည် ယဉ်ကျေးမှုဖျော်ဖြေပွဲများပါဝင်သည့် အခမ်းအနားကိုကျင်းပခဲ့ပြီး အမှတ်တရအတွေ့အကြုံများပေးမည့် ဘောက်ချာ ၁,၀၀၀ ဖြန့်ဝေခဲ့ကြောင်း၊ ထိုင်း၊ တောင်ကိုရီးယား၊ထိုင်ဝမ်နှင့်ဟောင်ကောင်တို့မှနိုင်ငံတကာခရီးသည်များအား နိုင်ငံတကာလေဆိပ်တွင် ကြိုဆိုခဲ့ကြောင်း သိရသည်။

ထိုင်းနှင့်ကမ္ဘောဒီးယားတို့တွင် ရပ်နားပြီးနောက် Tien Sa ဆိပ်ကမ်းတွင် ဆိုက်ကပ်သည့် Holland America Line အပျော်စီးသင်္ဘော Noordam မှ ခရီးသည် ၂၀၀၀ နီးပါးကိုလည်း မြို့တော်ကကြိုဆိုခဲ့ကြောင်း ဖော်ပြထားသည်။

Hue မြို့တွင် ဟနွိုင်းမှလာရောက်သည့်ခရီးသည် ၂၀၀ ကျော်အား Phu Bai အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြောင်း၊ ဗီယက်နမ်လေကြောင်းလိုင်းနှင့် ပူးပေါင်း၍ ပြည်တွင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့သည် ပထမဆုံးခရီးသည် ၁၀ ဦးအားအသွားအပြန်လက်မှတ် ၄ စောင်၊ ပန်းများနှင့် လက်ဆောင်များပေးအပ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် Hue သည် ခရီးသွားဧည့်သည် ၅ သန်းအထိ ဆွဲဆောင်ပြီး ဝင်ငွေ ဗီယက်နမ်ဒေါင် ၁၁ ဒသမ၂ ထရီလီယံ ရရှိရန် ရည်မှန်း ထားကြောင်း သိရသည်။

Quang Nam ခရိုင်ရှေးဟောင်းမြို့ Hoi An သို့လာရောက်လည်ပတ်သော အီတလီခရီးသွား ၁၈ ဦးအား ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း၊ အခမ်းအနားအပြီးတွင်အဖွဲ့သည် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများတွင်ပါဝင်ကြပြီး မြို့၏ထင်ရှားသော အမွေအနှစ်နေရာများကို စူးစမ်းလေ့လာကြကြောင်း သိရသည်။

Quang Binh ပြည်နယ်တွင် Dong Hoi လေဆိပ်သို့ ဗီယက်နမ်လေကြောင်းလိုင်းမှ ခရီးသည် ၈၀ ဦးအား အလားတူ အခမ်းအနားများဖြင့် ကြိုဆိုခဲ့ကြောင်း၊ အဆိုပါ ပြည်နယ်သည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ဧည့်သည် ၁၆၀,၀၀၀ အပါအဝင် ခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်း လာရောက်ရန်ရည်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှဝင်ငွေ ဗီယက်နမ်ဒေါင် ၆,၃၂၅ ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source: The Saigon Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## လာအိုနိုင်ငံသည် ကျေးလက်ဒေသအသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက် စေရန် ကွဲကောသီး တင်ပို့မှုအား မျက်စိကျလျက်ရှိ



လာအိုနိုင်ငံရှိ ကွဲကောကို ပြည်တွင်းထောက်ပံ့ရေးနှင့်တင်ပို့ရန်အတွက် စိုက်ပျိုးထုတ်လုပ်ကာကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းမှုမြှင့်တင်ရန် ရည်ရွယ်၍ လာအိုနိုင်ငံမြောက်ပိုင်း Oudom xay ပြည်နယ်တွင် ကွဲကောစိုက်ပျိုးမှုဖြစ်နိုင်ခြေလေ့လာလျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတွင်ကွဲကောသီးတန်ချိန် ၂၀၀,၀၀၀ဖြင့် နှစ်စဉ်စိုက်ပျိုးထွက်ရှိမည့် လျာထားချက်ဖြင့် မြေဧက ၁၀,၀၀၀ ခန့်အသုံးပြုနိုင်မည်ဟုမျှော်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းဈေးကွက်တွင်အသီးအနှံများရောင်းချခြင်းအပြင်တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ကွဲကောသီးများတင်ပို့ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

စီမံကိန်းတွင် ပျိုးပင်များထုတ်လုပ်ခြင်းမှသည်သစ်သီးများစိုက်ပျိုးခြင်း၊ထုတ်ကုန်ရွေးချယ်ခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်အွန်လိုင်းရောင်းချခြင်းများအထိ လာအိုနိုင်ငံအတွက်အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများကို မိတ်ဆက်သွားမည်ဖြစ်သည်။

မြို့တော် ဗီယင်ကျန်းမြို့၏ မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာတွင်ရှိသော Odomxay ပြည်နယ်သည် သစ်သီးထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ရွေးချယ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းအတွက် ဗဟိုချက်ဖြစ်မည်ဖြစ်ပြီး စီမံကိန်းကိုအခြားပြည်နယ်များသို့ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

**Source : Xinhua**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## ဂါနာနိုင်ငံသားများအကြား ရေပန်းစားလာသော တရုတ်မော်တော်ကားများ




ဂါနာနိုင်ငံသားများသည် တရုတ်မော်တော်ကားများကို ပိုမိုနှစ်သက်လာကြကြောင်း ဂါနာနိုင်ငံရှိ တရုတ်မော်တော်ကားတပ်ဆင်ရေးကုမ္ပဏီ Zonda Ghana Limited ၏ လက်ထောက်မန်နေဂျင်းဒါရိုက်တာ Fan Dongyun က Ghanaian မြို့တော် Accra တွင်ကျင်းပသည့် ဖောက်သည်များအား ကျေးဇူးတင်စကားပြောကြားခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဂါနာနိုင်ငံတွင် တပ်ဆင်ထားသည့်ကုမ္ပဏီ၏ပရီမီယံအမှတ်တံဆိပ် များဖြစ်သော အားကစားသုံးယာဉ်များ၊ ပစ်ကပ်ထရပ်ကားများ၊ နိုင်ငံဖြတ်ကျော်ယာဉ်များ၊ ဒက်ပါထရပ်ကားများနှင့် မြေကြီးရွှေ့လျားသည့်ယာဉ်များသည် ဂါနာနိုင်ငံသားများအကြား ပိုမိုရေပန်းစားလာကြောင်း Fan က ပြောကြားခဲ့သည်။

ကုမ္ပဏီသည် ဖွန်လတွင် တရုတ်နိုင်ငံ၏ Great Wall Motors ကားမော်ဒယ်လ်အမျိုးမျိုးကိုမိတ်ဆက်ခဲ့ပြီး သူမ၏ အဆို အရ အဆိုပါမော်ဒယ်များသည်ခြောက်လတာကာလအတွင်းဂါနာနိုင်ငံသားများ အကြား ရောင်းအားတိုးလာကြောင်း သိရသည်။

အမှတ်တံဆိပ်များ၏ရေပန်းစားမှုကြောင့် Zondaကုမ္ပဏီသည် ပြည်တွင်းဈေးကွက်သို့ အခြားမော်ဒယ်အသစ်နှစ်ခုကိုမိတ်ဆက်ခဲ့သည်။

Fan သည်ဂါနာနိုင်ငံသားများအတွက် မော်တော်ယာဉ်များကို ပိုမိုဈေးသက်သာစေသည့် မော်တော်ယာဉ်တပ်ဆင်ခြင်းဆိုင်ရာတန်ဖိုးထပ်တိုးအခွန် VAT ကိုဖယ်ရှားပေးသည့်အတွက် ဂါနာအစိုးရအားကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။

ဂါနာတွင်အဆိုပါ ယာဉ်များကိုတပ်ဆင်ခြင်းဖြင့် Zonda သည် ဒေသတွင်းအလုပ်အကိုင်များကို ဖန်တီးပေးရာရောက်ပြီး ဂါနာနိုင်ငံသားများထံ နည်းပညာလွှဲပြောင်းပေးရာလည်းရောက်ကြောင်း သူမက ထပ်လောင်းပြောကြားခဲ့သည်။

Ghana's Imperial Insurance မှအကြီးတန်းမန်နေဂျာ Kwabena Amaning က Zonda သည် Ghanaian မော်တော်ကားဈေးကွက်တွင် ၎င်း၏ စံချိန်သစ်အတွက် ချီးကျူးခဲ့သည်။

**Source : Xinhua**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

# STOCK EXCHANGE (6.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,313 (Shares) | 79,428,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,200 | 8,300 | 8,200 | 694 | 5,745,800 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,054 | 3,322,600 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,850 | 1,950 | 1,850 | 316 | 592,100 | 29,664,613 | 56,363 |
| TMH | 00005 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 512 | 1,689,000 | 12,823,224 | 41,676 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 1,131 | 1,910,200 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 300 | 1,260,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,050 | 3,150 | 3,050 | 399 | 1,231,850 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.62 | +1.22 | +0.31% | 388.14 | 390.62 | 386.23 | 4,406 | 15,751,550 | 8 | 736,788 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 22,393 (Shares) | 79,672,950 (MMK) |

## Main Board

As of 1:00 pm, 6th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,313 (Shares) | 79,428,950 (MMK) |

| MYANPIX | 390.62 ▲ 1.22 |
|---|---|
| Total Volume (shares) | 4,406 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,788 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |